# ကျောပိုးအိတ်လွယ်တဲ့ကောင်မလေး

တရူ - ၅၄၄ မေမာန်ဖူးမိုး

''ဟ - ဘယ်လိုနာမည်ကြီးလဲကွ''

''အေးလေကွာ''

ဘာရယ်မဟုတ်။ ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက် သိပ္ပံ ဆောင်ရှိ သုံးထပ်သားပြားတစ်ခုတွင်ကပ်ထားသည့် ကျောင်းဝင်ခွင့် ခုံနံပါတ်စာရင်းများကို လိုက်ကြည့်နေရင်း အထက်ပါနာမည်ကိုတွေ့ရ ၍ ဘဝင်မကျစွာရေရွတ်မိကြခြင်းဖြစ်၏ ။ ခုံနံပါတ်နှင့်တွဲလျက်ရှိသည့် မိန်းကလေးများနာမည်ကို (နာမည်လှရင် လူလည်းလှမှာပဲဟူသည့် အတွေးဖြင့်) လိုက်ကြည့်နေရင်း မျက်စိက စောစောကနာမည်ဆီ ရောက်သွားပြန်သည်။

''နာမည်ကလည်း မေမာန်ဖူးမိုးတဲ့ကွာ...ဘယ်လိုစိတ်ကူး နဲ့ ကောက်မှည့်ထားတယ်မသိပါဘူး''

''ထူးရင်ပြီးရောဆိုပြီး စတန့်ထွင်ထားတာနေမှာပေါ့ကွာ... မသိရင် ဂျပန်နာမည်လိုလို ဘာလိုလိုပေါ့''

ကျွန်တော့်စကားကို ထောက်ခံဆွေးနွေးလိုက်သော ကျော်တင့်အမြင်ကို ကျွန်တော်သဘောကျစွာ လက်ခံခေါင်းညိတ်မိ၏ ။

''အေး - ဖြစ်နိုင်တယ်...ခေတ်ကာလမိန်းကလေးတွေက တစ်နည်းမဟုတ်တစ်နည်းနဲ့ ပေါ်လွင်ချင်တဲ့စိတ်က ကြီးစိုးနေတာ...ငါ့သဘောပြောရရင် ဒီမေမာန်ဖူးမိုးဆိုတဲ့ ဌာန်ကရိုဏ်းမကျ ဘာမကျနဲ့...ခေါ်ရတာ ခပ်ထောင့်ထောင့်ဖြစ်နေတဲ့ ခိုးလိုးခုလုနာမည် မျိုးကိုမှည့်ပေးတာ သူ့အဖေလား...ဗေဒင်ဆရာလား...ဘယ်သူ ပဲဖြစ်ဖြစ် လာစမ်းပါဦး...ဒီလောက်နာမည်ပေးတော်တာ ဂုဏ်ပြု ချင်လို့ဆိုပြီး ငယ်ထိပ်ကို

သုံးချက်လောက်ထုပစ်ချင်...ချင်..''

''ဘာရှင့်''

ကျွန်တော့်စကားပင်မဆုံးလိုက်။ နောက်ကျောဘက်မှ အသံစူးစူးကြီးကြောင့် လန့်ဖျပ်ပြီးလှည့်ကြည့်ရသည်။ အားပါး..ကျွန်တော် အင်မတန်သဘောကျသည့် ချာလီ၏ နတ်မိမယ်များဇာတ်ကားမှ နတ်မိမယ်တစ်ပါးဖြစ်သော ဒရူးဘယ်ရီမိုး ကျောပိုးအိတ်လေးလွယ် လျက် မြန်မာပြည်လာလည်သလား မှတ်ရ၏ ။ ကျွန်တော့်အကြည့်ကို သူမမျက်နှာမှ မခွာတမ်းငေးနေမိသည်ထင်၏ ။

''ဒီမှာ မေးနေတာမကြားဘူးလား...ဘာအူကြောင်ကြောင် ကြည့်နေတာလဲ''

''ဗျာ - ဘာမေးတာလဲ''

''လူကြီးမင်းတို့ ဝေဖန်ရေးလုပ်နေကြတဲ့ နာမည်ကိစ္စ''

ကျွန်တော် နားမလည်နိုင်စွာဖြစ်သွားရ၏ ။ ဘယ်လိုသဘော လဲဟူသောအကြည့်ဖြင့် ခေါင်းကုတ်လျက် ကျော်တင့်ကိုမေးထိုးပြလိုက် ၏ ။ ကျော်တင့်က ပုခုံးပြန်တွန့်ပြ၏ ။

''နာမည် ဟုတ်လား...ကျွန်တော်တို့ ဘာဝေဖန်ရေးမှ မလုပ်ပါဘူး''

''ဘာလို့ပြောင်ငြင်းတာလဲ...မေမာန်ဖူးမိုးဆိုတဲ့ ဥာန် ကရိဏ်းမကျ ဘာမကျ နာမည်မျိုးပေးတဲ့လူကို ဘယ်လိုဂုဏ်ပြုချင် တယ်ဆိုတာလေ...ကြားချင်လို့ ပြန်ပြောစမ်းပါဦး''

ကျွန်တော် အခြေအနေကိုရိပ်မိသလိုရှိလာ၍ နှစ်ဖက်အင် အားကို ချိန်ဆရသည်။ သည်ဘက်မှာက အီသီယိုးပီးယားဘော်ဒီ မခေါ်သာရုံတစ်မယ် ပိန်ပိန်ပါးပါးနှစ်ယောက်တည်းရယ်။ သူတို့ဘက် က ငါးယောက်တောင်။

အထူးသဖြင့် သူတို့ထဲမှ ဆူမိုနပန်းသမားကဲ့ သို့သော မိန်းကလေးနှစ်ယောက်၏ မျက်နှာက ကြိုးဝိုင်းပေါ်ရောက် နေသည့်အလား ကြွားကြွားရွှားရွှားရှိလှသည်။

ပြေးတော့မည်ပြင်နေသော ကျော်တင့်လက်ကို ဖမ်းကိုင်ထား ရင်း ကျွန်တော်က ''အဲဒီ နာမည်နဲ့ဒီကနဲ့ ဘယ်လိုပတ်သက်နေလို့လဲ''

ဟု ခပ်တည်တည်မေးခွန်းပြန်ထုတ်လိုက်၏ ။ သို့သော် မဝံ့မရဲနိုင်လှ သည့်အသံနှင့် မျက်နှာကို ကိုယ်တိုင်အားမရ။

''မေမာန်ဖူးမိုးဆိုတာ တို့နာမည်''

ဟန်အပြည့် မာန်အပြည့်ဖြင့် တစ်လုံးချင်းပြောချလိုက်သော သူ့အသံကြောင့် ကျွန်တော့်ခမျာမှာ ''ဗျာ - ဟုတ်ကဲ့..ဟုတ်ကဲ့''ဟူ ၍ သာ ယောင်ရမ်းထွက်ဆိုမိလေသည်။

''ဘာလဲ...အခုမှ ဘာဟုတ်ကဲ့ ဟုတ်ကဲ့လဲ''

ဟု ဝင်ဟောက်လိုက်သော မိန်းကလေးတစ်ဦးအား မျက်နှာ ချိုသွေးရယ်ပြလိုက်ရင်း သူမဘက်သို့ပြန်လှည့်ကာ

''ဪ - ဒီလိုပါ...မေမာန်ဖူးမိုးဆိုတဲ့ နာမည်လေးက သိပ်ခေတ်မီပြီး သိပ်လှတာပဲလို့...ဒီလိုနာမည်မျိုးတွေမှည့်ပေးတတ် တဲ့လူကို တွေ့ချင်လိုက်တာဆိုပြီး ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက် ပြောနေကြတာ''

''တွေ့ပြီးဘာလုပ်မလို့လဲ''

ဟု မချောတစ်ယောက်က ခြိမ်းခြောက်သံဖြင့် ဝင်ပြောပြန် ၏ ။

''ရွာက ဘကြီးဘုန်းကြီးပေးထားတဲ့ ချက်ကြီးဆိုတဲ့ ကျွန်တော့် နာမည်ကို မကြိုက်လို့ပါ...အဲဒါ ခေတ်မီလှပတဲ့နာမည်လေး ဘာလေးပြောင်းရင် ကောင်းမလားဆိုပြီး အဟဲ..အဟဲ''

မေမာန်ဖူးမိုးဆိုတဲ့မိန်းကလေးက တမင်တင်းဟန်ဆောင် ထားသည့်

ရယ်မယောင် ခပ်လှောင်လှောင်မျက်နှာပေးဖြင့်

''သြော် - ရှင့်နာမည်က ချက်ကြီးတဲ့လား...ဒါဆို ရှင့် နာမည်ခေတ်မီလှပသွားအောင် ဂျော်နီချက်ကြီးဆိုပြီး ပြောင်းလိုက် ပေါ့ ဟုတ်ပြီလား''

သူမစကားကြောင့် ကျွန်တော့်မှာ ရယ်ရမလို တည်ရမလို ကြောင်အအဖြစ်ကာ မျက်နှာကြီးရှုံ့မဲ့သွားရသည်။ တစ်အုပ်စုထဲဝင် အပေါင်းအဖော်မိန်းကလေးများနှင့် အလိုတူအလိုပါ တဟားဟား ရယ်မောနေရင်းမှ ဆူမိုနပန်းသမားသေလို့ ဝင်စားသည့် မိန်းကလေး နှစ်ဦး၏ မျက်နှာချက်ချင်းတည်သွားကာ အခုပဲ အလဲဖြိုတော့မည့် အမူအရာမျိုးဖြင့် ရှေ့တိုးထွက်လာရာ ကျွန်တော်တို့လည်း 'အဟဲ' ဟု ရယ်ပြရင်း သုတ်ခနဲလှည့်ပြေးရတော့သည်။ သူမတို့သဘောကျ စွာ ရယ်မောကျန်ရစ်ခဲ့လေသည်။

*

''အဲဒါကြောင့်ပြောတာပေါ့ကွ...ရှေ့ပြောနောက်ကြည့်ဆို တာ''

ကျွန်တော်က လက်ဖက်ရည်ခွက်ကိုပြန်ချရင်း

''နောက်ကြည့်လည်းသိတာမှမဟုတ်တာ...လူရော နာမည်ရော ဒီနေ့မှသိရတဲ့ဟာ''

''အေး - ဒါလည်း ဟုတ်တာပဲ''

ကျွန်တော့်စကားကို ကျော်တင့်က သဘောတူညီမှုပြန်ပေး ရင်း ဆေးပေါ့လိပ်ဖင်ကို လက်ပတ်နာရီကြိုးဖုံးနှင့် သုံးလေးချက် ဆောင့်လိုက်ပြီး မီးညှိ၏။ ထို့နောက် စောစောက အဖြစ်အပျက်ကို ပြန်မြင်ယောင်မိဟန်ဖြင့် ပြုံးတုံ့တုံ့လုပ်နေလေသည်။

''ကံကောင်းလို့ ပြေးပေါက်မမှားတာ''

''ပြေးပေါက်မှားတာ မမှားတာ အရေးမကြီးဘူး...ငါတော့ ကျောပိုးအိတ်လေးကို ရေလည်ခိုက်သွားပြီ''

''နေရင်းထိုင်ရင်း ဘယ်ကျောပိုးအိတ်ကို ခိုက်ရတာ လဲ''

''မေမာန်ဖူးမိုးဆိုတဲ့ကောင်မလေး ကျောပိုးအိတ်လွယ်ထား တာ မတွေ့ဘူးလား''

''ကြံကြံဖန်ဖန်ကြိုက်စရာရှားလို့ သူ့ကျောပိုးအိတ်ကိုမှ ခိုက် ရသလား...တောင်းဝယ်ကြည့်ပေ့ါ...ရမယ်တော့မထင်ဘူး''

''ဟေ့ကောင် - ဝက်ဝုတ္တိသဘောနဲ့ ကဗျာဆန်ဆန်ပြောနေ တာ နားမလည်ရလောက်အောင် အနုပညာမဲ့လှချည်လား''

''ဘယ်လို''

''ဟုတ်တယ်...မေမာန်ဖူးမိုးကို ငါခိုက်နေပြီလို့ပြောတာ''

''ကြည့်လည်းလုပ်ပါ ကျော်နီချက်ကြီးရယ်''

''ဟာ - မင်းကလဲ...ဒီနာမည်ကြီးမခေါ်စမ်းပါနဲ့''

အကောင်းပြောနေသည်ကို အရွှန်းဖောက်လိုက်သော ကျော် တင့်အား ကျွန်တော်မကျေမနပ်ကြည့်ကာ ထိုနာမည်ကို ပျာပျာသလဲ ငြင်းရသည်။ ကျော်တင့် တစ်စုံတစ်ရာကိုစဉ်းစားမိဟန်ဖြင့် ကျွန်တော့် ကို စူးစိုက်ကြည့်ကာ အကြံပေးလေ၏ ။

''ဒါဆို မင်းဒီလိုလုပ်ပါလား...နာမည်ကိုအကြောင်းပြုပြီးမှ သူ့ကိုတွေ့တာဆိုတော့ တူနှစ်ကိုယ်နီးစပ်ရေးမှာလည်း အဲဒီ နာမည် ကိုပဲ ဆက်လက်အကြောင်းရှာပြီး အကျိုးယူပေ့ါ''

ကျွန်တော်တစ်ချက်တွေစဉ်းစားလိုက်ပြီး သဘောပေါက်သွား ကာ လက်ဖျောက်တစ်ချက် ခပ်ကျယ်ကျယ်တီးလိုက်ရင်း အူမြူးသွား ရသည်။

''ဟား - ဟုတ်ပြီ…ဒါကြောင့် ဟောဒီပညာရှိကြီးကို အား ကိုးနေရတာ …ကဲ ကဲ - အခုလက်ဖက်ရည်ဝိုင်းဖိုး အီဖေကိုယ် ရှင်းလိုက်ပါ့မယ်ဗျား''

*

စာသင်ခန်းထဲသို့ ဝေ့ဝဲကြည့်လိုက်ရာ အနောက်ဘက်ဆုံး တန်းရှိ စာသင်ခုံတစ်ခုံတွင် စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီးဖတ်နေ သော သူမကိုတွေ့ရသည်။ ရှေ့တွင်လည်း စားလက်စအချဉ်ထုပ် တစ်ထုပ်ကိုချထားသေး၏ ။ သူမဖတ်နေသည့်စာအုပ်မျက်နှာဖုံးကို လှမ်းမြင်လိုက်မှ ဝတ္ထုစာအုပ်မှန်းသိကာ ''အတော့်ကိုကြိုးစားနေတာ ပဲကိုး…ပညာတွေ အရမ်းထူးချွန်ကုန်မှာစိုးရတယ်''ဟုတွေးမိရင်း ကြိတ်ပြုံးရသေးသည်။ အတန်းအားချိန်မို့ ကျောင်းသား၊ ကျောင်းသူ အနည်းအကျဉ်းသာရှိသည်။

''ခဏထိုင်မယ်နော်''

အသံကြား၍ မော့ကြည့်လိုက်ရာ ကျွန်တော်မှန်းသိသွား သဖြင့် ဖတ်လက်စစာမျက်နှာကို လက်ညှိုးနှင့်ခေါက်ညှပ်လိုက်ပြီး စာအုပ်ကိုပိတ်ကာ ပြုံးလေ၏ ။ ထို့နောက်

''ဩော် - ဘယ်သူများလဲလို့…ကိုချက်ကြီးကိုး''

ကျွန်တော် မျက်နှာကြီးရှုံ့မဲ့သွားပြီး မအီမလည်ဖြစ်သွားရ၏ ။ ထို့နောက် အလိုမကျသံဖြင့်

''ကျွန်တော့်နာမည် ချက်ကြီးမဟုတ်ပါဘူးဗျာ…အဲ့တုန်း က ပါးစပ်ထဲ ကြုံရာပြောချလိုက်တာ''

သဘောကျစွာ ပါးစပ်ပိတ်ရယ်နေသောသူမဘေးတွင် ခွင့်ပြု ချက်မစောင့်တော့ဘဲ ဝင်ထိုင်လိုက်သည်။ သူမက ရှေ့တွင်ရှိသော အချဉ်ထုပ်ကိုလှမ်းယူစားရင်း

''ကဲ - ဆိုပါဦး...လာရင်းကိစ္စက''

''နာမည်ကိစ္စပါ''

''ဩော် - နာမည်ပြောင်းချင်လို့လား...ဒါဆို နာမည် အမှည့်ကောင်းတဲ့ ဗေဒင်ဆရာတစ်ယောက် လိပ်စာရေးပေးလိုက် မယ်လေ''

ပြောရင်း သူမအသံထွက်အောင်ရယ်နေပြန်လေသည်။ ရှူ တည်တည်ကြီးဖြစ်သွားသော ကျွန်တော့်မျက်နှာက ပို၍ နောက်ပြောင် ချင်စရာကောင်းနေသည်လားမသိ။ သည်အတိုင်းဆို လိုရင်းရောက် တော့မည်မဟုတ်။ အဟားခံဘဝထဲ နစ်မွန်းသထက်နစ်မွန်းရင်း ရည် မှန်းချက်ပျောက်သွားနိုင်သည်။ ကျွန်တော် စိတ်ကိုတင်းလိုက်ရင်း

''မဟုတ်ပါဘူး...ဒီလိုပါ...ဟိုတစ်နေ့က ကျွန်တော် မမေမာန်ဖူးမိုးနာမည်ရဲ့ အနက်အဓိပ္ပာယ်နဲ့ အကျိုးအကြောင်းကို သေချာခွဲခြမ်းစိတ်ဖြာ နားလည်နိုင်ခြင်းမရှိဘဲ ဆန္ဒစောပြီး မှားယွင်း စွာဝေဖန်ခဲ့မိတာကို တောင်းပန်ချင်လို့ပါ''

''အလဲ - တယ်စာတဲ့ဆိုပါလား''

''မမေမာန်ဖူးမိုးက ကျွန်တော့်ထက် ခြောက်လနဲ့ တစ်ဆယ့် ရှစ်ရက်တိတိငယ်တဲ့ ကြာသပတေးသမီးဆိုတာ ကျွန်တော်သိပြီးပါပြီ'' သူမ ပါးစပ်အဟောင်းသားဖြစ်သွားကာ 'မဆီမဆိုင် ဘာ တွေလာပြောနေပါလိမ့်'ဟု တွေးနေမည်ထင်ရဲ့။ ကျွန်တော်က စကား ကို ပို၍ လေးနက်သွားစေရန် သံနေသံထားဖြင့်ဆက်ပြော၏ ။

''ကျွန်တော့်တစ်သက် တစ်ဦးတစ်ယောက်ရဲ့နာမည်ကို ထူးထူးခြားခြားစိတ်ဝင်စားမိတာ ဒါပထမဆုံးအကြိမ်ပါ...စိတ်ဝင်စား မှုကို ကာယကံရှင်ရှေ့မှာပဲ အပေါ်ယံရုပ်ကြည့်ပြီး ထုတ်ဖော်မိလို့ အားလည်းနာ စိတ်လည်းမကောင်းဖြစ်ရပါတယ်...ဒါနဲ့ ဒီနာမည် ကို အဓိပ္ပာယ်မဲ့တော့ မမှည့်တန်ရာဘူးလို့ စဉ်းစားမိတာနဲ့ ကျောင်းသားရေးရာဌာနသွားပြီး ကိုယ့်နည်းကိုယ့်ဟန်နဲ့ မမေမာန်ဖူးမိုးရဲ့ မွေးသက္ကရာဇ်ကို စုံစမ်းကြည့်တာ''

''အလိုတော် စပ်စပ်စုစု''

သူမ အလိုမကျရေရွတ်၏။

''အဲဒီ မွေးဖွားတဲ့ ခရစ်သက္ကရာဇ်နဲ့ ကောဇာသက္ကရာဇ်ညှိ ကြည့်ပြီး ဘုတ်တိုင်တွေ ဘာတွေထူ...နောက်ပြီး ကျမ်းပေါင်း ရှစ်ကျမ်းနဲ့ ဂြိုဟ်ခွင်တွေပါမကျန် ချိန်စက်တွက်လိုက်တော့...အား ပါးပါး - တကယ့်ကို ထူးထူးရှားရှားဇာတာရှင်ပဲ''

သူမ မျက်လုံးပြူးမျက်ဆံပြူးဖြစ်လျက်ရှိ၏။

''မမေမာန်ဖူးမိုးက အထွန်းဘွားဗျ သိလား...ရှေးဖူးစာကံ ထူးလို့ တိုင်ဦးပါတဲ့မွေးနံပါဆိုတဲ့အတိုင်း လူက အထွဋ်အထိပ်ရောက် ဦးမှာ...ပညာရေးကလည်း သိုက်ထဲရောက်နေလေတော့ ဘွဲ့တွေ တစ်ဘွဲ့ပြီးတစ်ဘွဲ့ရဖို့ရှိတယ်''

ပြောရင်း ကျွန်တော့်မျက်လုံးက သူမ၏ ဖတ်လက်စဝတ္ထု စာအုပ်ဆီ ရောက်ဖြစ်အောင်ရောက်သွားလိုက်သေး၏။

''ပညာတော်သင်အတွက် နိုင်ငံရပ်ခြားဆို ခဏခဏသွားရ လွန်းလို့ ညည်းတောင်ယူရမယ်...ရာဇနက္ခတ်နဲ့ယှဉ်ပြီး ကြီးပြင်းတာ ကြောင့် မင်းစိုးရာဇာ ကြီးကြီးပိုင်းကိုဖြစ်လိမ့်ဦးမယ်...နောက်ပြီး နောက်ပြီး မေထုံ ကရကဋ်...မိစ္ဆာ ပြိတ္တာ...အဲ အဲ..''

ဟိုက် - ဒုက္ခပဲ။ ဟိုကောင် ဗေဒင်လက္ခဏာရှူး မောင်မောင် လတ်သင်ပေးလိုက်တဲ့ အခေါ်အဝေါ်တွေရော ဟောစာတမ်းတွေပါ မေ့ကုန်ပြီ။ မထူး။ ဆက်၍ လိုမ့်ရုံသာရှိတော့သည်။

''အဲဒါတွေအားလုံးကောင်းတယ်...ပိုကောင်းသွားစေတာ က ဖွားရာဇာတာနဲ့ယှဉ်ပြီးပေးထားတဲ့ နာမည်ကြောင့်ပဲ...နာမက္ခရ ကိန်းစဉ်အရ နာမည်က ကြာသပတေးနံတွေချည်းပဲဆိုတော့ ဂျူပီတာ ဂြိုဟ် လေးထပ်ကွမ်းလောက် စွမ်းအားကြီးတယ်...နောက်ပြီးတော့ နာမည်တစ်လုံးချင်းစီရဲ့အဓိပ္ပာယ်ရော အတွဲလိုက်ရဲ့အဓိပ္ပာယ်ရော နက်ရှိုင်းကျယ်ပြောပြီး သိပ်အားပါတယ်...မေလဆိုတာကလည်း နွေနဲ့မိုးတို့စစ်ခင်းတဲ့လ...အဲဒီ မှာ ဘွားခနဲသွားတွေ့လိုက်ရတဲ့ မေလ ရဲ့အားမာန်သတ္တိဟာ အဖူးအငုံအနေနဲ့ မိုး..မိုး...''

''ကဲ - ဒီလောက်ဆိုတော်ပါပြီ...အခု လူကြီးမင်းရဲ့ဟော စာတမ်းတွေအတွက် ဘယ်လောက်ပေးရမလဲ''

လက်နှစ်ဖက် ကွေးချည်ဆန့်ချည်ဖြင့် သရုပ်ပါပါပြောဆိုနေ မှုသည် သူမ၏ ဟန့်တားမှုကြောင့် ကားစက်ရှိန်ကိုမြှင့်လိုက်ပြီးကာမှ မီးပွိုင့်ကပ်မိခံလိုက်ရသည့်နှယ် ခံစားလိုက်ရသည်။

''မလိုပါဘူး''

ခပ်ဆတ်ဆတ်ပြန်ပြောလိုက်သော ကျွန်တော့်ကို သူမက မချို မချဉ်မျက်နှာဖြင့်ကြည့်ရင်း

''ယူ လက္ခဏာကောကြည့်တတ်သလား''

သူမ၏ ကောက်ကာငင်ကာအမေးကြောင့် ကျွန်တော်ဘာ ဖြေရမှန်းမသိ။ ယောင်ပေါင်ပြီး ခေါင်းညိတ်ပြလိုက်မိသည်ထင်၏ ။

''ဒါဆို ကျေးဇူးပြုပြီး ကြည့်ပေးပါလား''

ပြောပြောဆိုဆို ကျွန်တော့်မျက်နှာရှေ့၌ လက်ဖဝါးနှစ်ဖက် ထိုးဖြန့်ပေးလေ၏ ။ သည်လိုပုံကြုံမယ်မှန်း ကြိုသိခဲ့ရင် မောင်မောင် လတ်ဆီမှာ အနီးကပ်သင်တန်းတက်ခဲ့ပါရဲ့။ ကျွန်တော် ကြံရာမရဖြစ် ကာ သူမ၏ လက်ဖဝါးတွေကိုသာ ကြောင်ကြည့်နေမိသည်။

လှလိုက်သည့်လက်ကလေးတွေ။ တင်းပြည့်ဖူးစိုကာ ချော မွတ်နုနယ်သည့် လက်ဖဝါးပြင်ပေါ်က အရေးအကြောင်းလေးတွေက အဓိပ္ပာယ်ပြည့်ဝသည့် ပန်းချီကောက်ကြောင်းလေးတွေရယ်လို့ ခံစား သိ သိနေလေရဲ့။ နူးညံ့သွယ်ပြောင်းတဲ့လက်ချောင်းလေးတွေနဲ့သာကျွန်တော့်ဆံပင်ကို ထိုးဖွသပ်တင်ပေးမည်ဆိုပါလျှင် ကမ္ဘာကြီး ရုတ်ချည်းပြားသွားမည့်အရေးကြုံနေတာတောင် အရေးမဟုတ်။ ကျွန်တော့်သဘောကတော့ လက္ခဏာဗေဒင်ဆရာများ၏ ကြော်ငြာ တွေထဲတွင် ခတ်နှိပ်ဖော်ပြထားသကဲ့သို့ လက်ဝါးပြင်ကို မိတ္တူကူးပြီး ကျွန်တော့်အိမ်ဧည့်ခန်း၌ မှန်ဘောင်သွင်း ချိတ်ဆွဲထားလိုက်ချင် သည်။

''ဟောတော့လေ...ဘာလို့ ဒီလောက်အကြာကြီးကြည့် နေရတာ လဲ''

''ဩော် - အင်း...ဟို အရေးကြီးတဲ့မြုပ်ကွက်တွေ ရှာနေ လို့ပါ''

ကျွန်တော် အင်္ကျီအိတ်ကပ်ထဲမှ ဘောလ်ပင်ကိုဆွဲယူလိုက် ပြီး လက်ဖဝါးပြင်ရှိလမ်းကြောင်းနှင့် ဂြိုဟ်ခုံများပေါ်ထောက်ကာ ထောက်ကာဖြင့် ကြားဖူးနားဝရှိတာတွေရော၊ မရှိတာတွေရော ပါးစပ်ထဲ တွေ့ရာရွတ် ၍ ဟောတော့သည်။

''ရာဟုဂြိုဟ်ခုံမှာ ရာဇမတ်ကွက်ပါတဲ့အတွက် ဥပစ္ဆေဒကကံ လို့ခေါ်တဲ့ အဖြစ်ဆိုးနဲ့သေခြင်းမျိုး ဘယ်တော့မှမကြုံရဘူး... တနင်္လာဂြိုဟ်ခုံမှာ ကြယ်ပွင့်ပါတဲ့အတွက် ပညာရေး မဟာဒရား

အကျိုးပေးမယ်...အာယုဘောဇနေလမ်းကြောင်း ရှည်တဲ့အတွက် အသက်ရှည်ရှည် ကျန်းမာစွာနေရမယ်တဲ့...Óဏာလေညာရပ်လမ်း ကြောင်းက ဖြာထွက်သွားတဲ့ အာဝါဟလမ်းကြောင်းဟာ စနေဂြိုဟ်ခုံ မှာရှိတဲ့ ဝိဝါဟလမ်းကြောင်းကို သွားဦးခိုက်တဲ့အတွက် အိမ်ထောင် ဖက်ကောင်းနဲ့ မလွဲမသွေတွေ့ရလိမ့်မယ်''

''ဆရာ့ဖောကိန်းတွေကလည်း ကောင်းတာတွေချည်းပါပဲ လား''

''အန် - ဖောကိန်းမဟုတ်ပါဘူး...ဟောကိန်းပါ''

''ထားပါလေ...အခုလိုမေးနေတာ ဗေဒင်လက္ခဏာကို ယုံ ကြည်လို့ မေးနေတာလို့ထင်လား''

''မဟုတ်..မဟုတ်ဘူးလား''

''မဟုတ်ဘူး...ယူ့စိတ်ကို စာမေးပွဲစစ်လိုက်တာ''

''စိတ်ကို စာမေးပွဲစစ်လိုက်တာ ဟုတ်လား''

''အင်းပေါ့...လက္ခဏာကြည့်ခိုင်းတာကို ပိုင်ပြီဆိုပြီး အခွင့်ကောင်းယူ လက်ကိုင်လို့ကတော့ ကျောပိုးအိတ်နဲ့ထုပစ်မယ် ဆိုပြီး ကြံစည်ထားတာ''

ဘုရား..ဘုရား...တော်ပါသေးရဲ့။ ကံသီပေလို့။ အိတ် ထဲလည်း ဘာစာအုပ်တွေ ဘယ်လောက်တောင်ထည့်ထားတယ် မသိ။ စည်းစည်းပိုးပိုးကြီး။

''တခြားယောကျ်ားလေးတွေဆို မိန်းကလေးတစ်ယောက် အပေါ် ဘယ်လိုအခွင့်အရေးယူရမလဲပဲ ချောင်းနေတာ...ယူက တော့ ဒါမျိုးမဟုတ်ဘူး...ရိုးသားတယ်''

အမလေး လေး...တကယ့်ကို ကံကောင်းလို့ပါလား။ အမှန်ဆို သူ့လက်နှစ်ဖက် ကျွန်တော့်ရှေ့ရောက်လာကတည်းက ဖျစ် ညှစ်ဆုပ်ကိုင်လိုက်ချင်တာမှ အသည်းကိုယားလို့ရယ်။ ကောလိပ်ဂျင် ဓာတ်ကားကားထဲက ကိုသိန်းဖေထက်ပင် ဆယ်ဆပိုလိုက်ချင်သေး။

ကိုင်ရကောင်းနိုးနိုး၊ မကိုင်ရကောင်းနိုးနိုးနှင့် နိုးတွေဖောင်းပွပြီး ကြောက်စိတ်ပိုလျက် ဘောလ်ပင်လေးကို ကြားခံပစ္စည်းအဖြစ် မချင့်မရဲထားလိုက်ရလေသည်။ ဤသည်ကို သူမသာသိလျှင် မည်သို့တုံ့ပြန်မည်မသိ။ အခုတော့ စိုင်ကော်လို့ ခြုံပေါ်ရောက်ဆို တာမျိုး ကျွန်တော့်လာအကျိုးပေးနေပါရောလား။

''ဒါကြောင့် ယူ့ကို တို့ရဲ့ပထမဦးဆုံးနဲ့ အရင်းနှီးဆုံးသော ယောကျ်ားလေးသူငယ်ချင်းအဖြစ် စာရင်းသွင်းအောင်မှတ်ပေးလိုက်ပြီ'' ''တကယ်''

ကျွန်တော့်နားပင် ကျွန်တော်မယုံကြည်နိုင်။ သူမကပြုံးလျက် ခေါင်းအသာညိတ်ပြ၏ ။ ကုသိုလ်ကံများ အကျိုးပေးလာပြန်တော့ လည်း ချက်ချင်း။ မောင်မောင်လတ်ပေးထားတဲ့ မမျှော်လင့်ဘဲ စုပ် တွေ၊ လာဘ်တွေဝင်မည်ဆိုတာ မှန်နေပြီလားမသိ။

ကျွန်တော်၏ နည်းဗျူဟာသည် မျှော်လင့်ထားသည်ထက် ပိုမိုလွယ်ကူအောင်မြင်ခဲ့ကြောင်း ကျေနပ်အားရစွာ သုံးသပ်မိခဲ့သည်။ သို့ရာတွင် ထိုသုံးသပ်ချက်သည် မှားယွင်းနေကြောင်း တစ်စတစ်စနဲ့ သိလာရ၏ ။ ကျွန်တော့်အနေအထားမှာ အမြင်လှပြီး အကြည့်ခက်၊ တိမ်မယောင်နဲ့နက်ဟု ဆိုရမည်သာ။

သူမ၏ အရင်းနှီးဆုံးသော ယောကျ်ားလေးသူငယ်ချင်းအဖြစ် စတင်သတ်မှတ်ခံရသည့်နေ့က ကျွန်တော့်မှာပျော်လိုက်တာဖြင့် ဘယ် အရာနှင့်မှ သာဓကမပြုနိုင်။ ပထမအဆင့်အောင်မြင်မှုအတွက် ကိုယ့်ကိုယ်ကိုယ်ဂုဏ်ပြုပွဲကျင်းပနေရင်း ရှုံးနိမ့်နေကြောင်းတွေ့မြင် လာရ၏ ။

ကျွန်တော့်နှလုံးသားကို တင်ကြိုထူးခတ်ထားသည့် 'ယူက တခြားယောကျ်ားလေးတွေလို အခွင့်အရေးမယူတတ်ဘူး...ရိုးသား တယ်'ဟူသော သူမ၏ စကားကို တတ်နိုင်သလောက်နာကျည်းနေမိ တော့သည်။

ကျွန်တော့်မှာ သူ့ညွှန်းချက်နှင့် ပြည့်မိကိုက်ညီလေအောင် မရိုးမသားနှင့် ရိုးသားပြနေလိုက်ရတာ ကြာတော့ ကိုယ့်ကိုယ်ကိုယ် တောင် အမြင်ကတ်လာသည်။ တကယ်ဆို သူမသိဖို့ကောင်းသည်ပဲ။ ယောကျာ်းလေးတစ်ယောက် မိန်းကလေးတစ်ယောက်ထံ တစ်နည်း နည်းဖြင့် ချဉ်းကပ်ဝင်ရောက်လာပြီဆိုကတည်းက။ ခက်သည်က သူမတကယ်မသိတာလား၊ မသိချင်ယောင်ဆောင်နေတာလားဆို သည်ပင်။ သို့ပေမယ့် သူမမသိဆိုသည်မှာ မဖြစ်နိုင်။ အဘယ်ကြောင့် ဆိုသော် ဤမိန်းကလေးမှာ ခေသူမဟုတ်သောကြောင့်...။

ဒါဖြင့် မသိချင်ယောင်ဆောင်နေခြင်းသာ ဖြစ်ရပေတော့ မည်။ မသိချင်ယောင်ဆောင်နေခြင်းဖြင့် အကြောင်းနှစ်ရပ်ရှိနိုင်၏ ။ တစ်ကြောင်းက ကျွန်တော့်ကိုဆန်းစစ်နေခြင်းဖြစ်ပြီး၊ တစ်ကြောင်းက ကျွန်တော့်အပေါ်စိတ်ဝင်စားမှု မရှိနိုင်၍ သာ။

သူမ ကျွန်တော့်အပေါ်တွင် မေတ္တာသက်ဝင်စိတ် ရိုးတိုး ရိပ်တိတ်လေးများ ရှိလေမလားဟု အကဲစမ်းဖူး၏ ။ သူမရှေ့တွင် ဆေး လိပ်တစ်လိပ်ပြီးတစ်လိပ် မီးခိုးတထောင်းထောင်းထွက်အောင် သောက်ပြ၏ ။ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲမှာရော၊ ပြင်ပသမီးရည်းစား လောကမှာပါ ချစ်သူယောကျာ်းလေး ဆေးလိပ်သောက်ခြင်းကို ချစ်သူ မိန်းကလေးက မေတ္တာစိတ်ဖြင့်ပိတ်ပင်တားမြစ်လေ့ရှိကြောင်း ကြားဖူး နားဝရှိ၏ ။ ကျွန်တော့်မှာသာ ချောင်းတဟွတ်ဟွတ်ဆိုးလာသော်လည်း သူမထံမှ ကျွန်တော်ကြားချင်သောစကားကို မကြားရ။ မကြားချင် သော စကားကိုသာ ကြားရ၏ ။

''ယူ ဆေးလိပ်အဲလောက်ကြိုက်တတ်ရင် တို့အသိဆေးလိပ် ခုံပိုင်ရှင်သမီးတစ်ယောက်ရှိတယ်...နောက်နေ့ကျ မိတ်ဆက်ပေး မယ်...စိတ်ကူးမလွဲနဲ့ သိလား''

ကြည့် - ဘယ်လောက်များမေတ္တာပျက်ဖို့ကောင်းသလဲဆို တာ။

သည်ကကောင်ရဲ့ အချစ်အရင့်အမာကြီး ဘယ်နားသွားထားရ မှန်းမသိတော့။ စစ်ကြေငြာပြီးမှ တပ်ရုပ်သိမ်းနေရသည့် ကမ္ဘာ့ရှုခင်း ပေါ်က လူသားတစ်ဦးအဖြစ် အားလုံးကဝိုင်းသရော်ကြတော့မည်။ ကြာတော့ ကျွန်တော့်ခမျာ စိတ်ထောင်းလို့ကိုယ်ကြေကိန်း ဆိုက်လာ၏။ သူမနှင့်တွေ့တိုင်းပဲ ရိုးသားမှုတွေပြရလွန်းလို့ အပေါင်းအဖော်များကတောင် မေးငေါ့လှောင်ပြောင်ကြပေပြီ။ တစ်ခါက မျက်နှာလိုမျက်နှာရဖြင့် (အပေါင်းအသင်းများ အထင်ကြီးစေရန် လည်းပါသည်) လမ်းအတူလျှောက်နေရင်း ''ကျောပိုးအိတ်ကြီးထဲ စာအုပ်တွေ ဒီလောက်အများကြီးထည့်ထားတာ လေးမှာပေါ့...တို့ လွယ်ပေးမယ် ပေးလေ''ဟုဆိုသောအခါ သူမက ''တို့ချစ်သူကလွဲပြီး ဒီ ကျောပိုးအိတ်ကို ဘယ်သူ့မှပေးမလွယ်ဘူးလို့ ဆုံးဖြတ်ထားတယ်''ဟု အားမနာတမ်းငြင်းပယ်ဖူး၏။ (ကျွန်တော့်အနေအထားက ဤမျှ လောက်အားရစရာကောင်း၏။)

ရုပ်ရှင်သွားကြည့်ရအောင် အဖော်ခေါ်သောနေ့ကဆို ရုပ်ရှင် ရုံထဲမှ ကျွန်တော့်အဖြစ်ကိုမြင်စေချင်သည်။ ထိုင်ခုံလက်ရန်းပေါ်လည်း လက်မတင်ရဲ။ မတော်တဆ လက်ချင်းထိမိသည်ကိုပဲ သူ့လက်ကို ကိုင်ဖို့ကြိုးစားပါသည်ဆိုပြီး လူလည်ခေါင် ကျောပိုးအိတ်နဲ့ထတီးနေမှ ဒုက္ခ။ မျက်နှာလည်း သူ့ဘက်လှည့် စကားမပြောရဲ။ တော်ကြာ သူ့ကိုနမ်းဖို့ကြိုးစားပါသည်ဆိုပြီး တစ်ခုခုထလုပ်မှဖြင့် ခက်ပေ တော့မည်။ ကျွန်တော့်မှာ ရုပ်ရှင်ပိတ်ကားတည့်တည့်သာ မျက်နှာမူ ထားလျက် လက်ပိုက်မဖျက်ရဲဘဲ ရုပ်ရှင် မပြီးမချင်းဒုက္ခခံနေရတော့ သည်။

ဒီအဖြစ်အပျက်ကိုသိသော အပေါင်းအသင်းများက ကျွန် တော့်ကို ငတုံးငအဟု အားမလိုအားမရဆိုကြ၏။ မိန်းကလေးဖြစ်သူ က ရုပ်ရှင်အတူကြည့်ဖို့ခေါ်ကတည်းက မီးစိမ်းပြအချက်ပေးလိုက် သည်ကို သိဖို့ကောင်းသည်တဲ့။ တကယ်ဆို သူတို့ပြောသလောက်ကြီး ကျွန်တော် မအမှန်းကို သူတို့လည်းသိကြပါသည်။ ခက်သည်က ခန့် မှန်း၍ မရနိုင်စွမ်းသောသူမ။

ကြည့်လေ။ မနေ့က မြေနီကုန်းမှာရှိတဲ့ သူ့သူငယ်ချင်းတစ် ယောက် နေထိုင်မကောင်းတာကို သတင်းမေးပြီး ကျောင်းပြန်အလာ သူလုပ်လိုက်ပုံက။ ဘတ်စ်ကားဂိတ်ရောက်လို့ အသင့်ထိုးရပ်ထားတဲ့ အထူးဘတ်စ်ကားတစ်စီးပေါ်လည်းတက်ရော ကိုရွှေစပယ်ယာတို့ ထုံးစံအတိုင်း(မိန်းကလေးများဆိုလျှင်) နောက်ကျောကို လက်နှင့် တွန်းတင်ပေးဖို့ပြင်ပါလေရော။ သည်မှာတင် မရွှေချောတုန့်ပြန်လိုက် ပုံက ကျွန်တော်ဘယ်လိုကြားဝင်ရမှန်းမသိတော့။

ခြေနင်းခုံပေါ် ခြေထောက်နှစ်ဖက်ရောက်သည်နှင့် ကိုယ်ကို တစ်ပတ်ပြန်လှည့်ပြီး လက်နှစ်ဖက်ကိုကာလျက်အနေအထားဖြင့်

''နေ..နေ အလကားနေရင်း စေတနာမပိုချင်နဲ့...ကား လည်းရပ်ထားတယ်...လူလည်းချောင်တယ်...ကျွန်မလည်း ကိုယ်လက်အင်္ဂါချို့တဲ့နေတာမဟုတ်ဘူး...ကိုယ့်လက် ကိုယ့်ခြေနဲ့ တက်နိုင်ဆင်းနိုင်တယ်''

သူမစကားကြောင့် ကားတံခါးပေါက်အနီးဝန်းကျင်မှ ခရီး သည်များ သဘောကျစွာရယ်မောကြလေ၊ စပယ်ယာမှာ မျက်နှာပျက် လေဖြင့် 'မောင်းဆရာရေ...နောက်ကားပါတယ်'ဟုသာ ကြုံးအော် နိုင်တော့၏ ။ သူမကတော့ မျက်နှာထားခပ်တည်တည်ဖြင့် လွတ်နေ သော နှစ်ယောက်တွဲထိုင်ခုံတွင်ဝင်ထိုင်ရင်း ကျွန်တော့်ကိုလည်း သူမ ဘေးတွင်ဝင်ထိုင်ရန် မေးငေါ့အသိပေးလိုက်သေး၏ ။

သူမကား မိန်းကလေးထဲကမိန်းကလေးမဟုတ်သည်မို့ ကျွန်တော်လွယ်လွယ်မစွန့်စားရဲပါ။ ကျွန်တော့်ကိုလည်း ရင်းနှီး ကျွမ်းဝင်သော မိတ်ဆွေအပေါင်းအသင်းအဖြစ်သာ ပြောဆိုဆက်ဆံ နေလေရာ ကျွန်တော့်အနာဂတ်မျှော်လင့်ချက်မှာ မှိန်သထက်ကွယ် လာသည်ဟု ခံစားနေရသည်။

သည်လိုနှင့် နောက်ဆုံးနှစ်စာမေးပွဲကြီးပင် နီးလာပေပြီ။ ကျွန်တော့်အခြေအနေက ဘာမျှတိုးတက်မှုမပြ။ တစ်ခါတွင် သူမက ''ဘယ်လိုလဲ...စာမေးပွဲနီးနေပြီ...ဖြေဖို့ အဆင်သင့်ဖြစ်ပြီလား'' ဟု မှတ်မှတ်ရရမေးလာလေ၏ ။ ကျွန်တော်က အခြေအနေကို အလွတ်မပေးဘဲ စိုးရိမ်စိတ်နှင့်ယှဉ်လျက်ရှိသော ချစ်ခြင်းမေတ္တာ တရားကို သူမထံမှ အမိဖမ်းရန်ဟူသောအကြံဖြင့်

''ဖြေနိုင်မယ်မထင်ပါဘူး...အတန်းပျက်တာကလည်းများ ...ပရက်တီကယ်ကလည်း မမှန်...နုတ်စ်ကလည်းမစုံဆို တော့...''ဟု စိတ်ပျက်လက်ပျက်အားလျော့ကြေကွဲသောအမူအရာ၊ သံနေသံထားဖြင့် ရုပ်ရှင်ရိုက်ကြည့်လိုက်သည်။

''မဖြေနိုင်လည်း ဘာအရေးလဲ...တက္ကသိုလ်မှာ တစ်နှစ် ပိုနေရရင် တစ်နှစ်ပိုပျော်ရတာ ပေါ့...သူများတွေဆို နေချင်တိုင်း နေလို့ရတာ မဟုတ်ဘူး''

သြော် - ချစ်သူ၏ မေတ္တာထားပုံကဖြင့် သင်းပုံ့လွန်းပါဘိ တော့တယ်။

*

နောက်ဆုံးနှစ်စာမေးပွဲ၏ နောက်ဆုံးဘာသာရပ်ဖြေဆိုချိန် ပြီးလျှင် ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ သူမအားစောင့်နေရန် ကျွန်တော့် အား အမှာတော်ထားသဖြင့် ဘာတွေများပြောချင်လို့ပါလိမ့်ဟူသော အတွေးဖြင့် ဘွဲ့နှင်းသဘင်ခန်းမ၏ ရှေ့ဝင်ပေါက် ပထမဆုံးလှေခါး ထစ်တွင် ထိုင်လျက်နေမိ၏ ။ ကျွန်တော့်အား နောက်ဆုံးအခွင့်အရေး အနေဖြင့် လိုရာဆုတောင်းစေဟုဆိုလျှင် အဘယ်မျှကောင်းလိမ့်မည် နည်း။

ကျွန်တော့်စိတ်ကူးယဉ် စဉ်းစားခန်းမှမဆုံးသေး။ အနားတွင်

ကားတစ်စီး ကျွီခနဲထိုးရပ်သံကြားသဖြင့် မော်ကြည့်မိသည်။

ဟိုက် - သွားပါပြီ။ နောက်ဆုံးပေါ်ကားတစ်စီးကို မောင်း နှင်လာသော အသက်သုံးဆယ်ဝန်းကျင် သန့်သန့်ပြန့်ပြန့်လူရွယ် တစ် ယောက်၊ ထိုသူနှင့်အတူ ယှဉ်တွဲစီးနင်းလိုက်ပါလာသည့် ဖူး သို့မဟုတ် မမောန်ဖူးမိုး။

ကျွန်တော်အားငယ်ထိတ်လန့်စွာ ကြောင်ကြည့်နေစဉ်မှာပင် ကားတံခါးဖွင့်၍ ကျွန်တော့်ထံလျှောက်လှမ်းလာကြသည်။ သူမက တော့ ပြုံးထားတာမှ လှလှပပ။ အင်းပေ့ါလေ..ပြုံးအားရှိလို့ ပြုံးပေ တာပဲ။ သည်ကောင်ကသာ ပြုံးအားမရှိတာ။

''ဟော့ - ယူ...ရောက်နေတာကြာပြီလား''

သွက်လက်ပေ့ါပါးသော သူမစကားသံကြောင့် အသိတရား တို့ကို ခန္ဓာအတွင်းမှ ပြေးပေါက်မပေးတမ်းပိတ်ဆို့ရင်း မတ်တပ်ထရပ် လျက် ဟန်မပျက်တုန့်ပြန်ရ၏ ။

''မကြာသေးပါဘူး...ခုနလေးတင်ရောက်တာ''

''သြော် - ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်...သူ့နာမည်က ကိုခင်မောင်လွင်တဲ့...နိုင်ငံခြားသဘော်အင်ဂျင်နီယာ''

ကျွန်တော့်စိတ်ထဲ ထင့်ခနဲဖြစ်သွားသည်။ ယခုလိုကျောင်း ပြီးမည်ကြံရုံရှိသေးသော ကျွန်တော်လိုလူတစ်ယောက်ကို ရာထူးဂုဏ် ရှိန် ဘဝအာမခံချက်ရှိသူတစ်ဦးနှင့် မိတ်ဆက်ပေးခြင်းမှာ သွေးရိုး သားရိုးမဖြစ်နိုင်။ အဆင့်နှစ်ခု၏ ကွာခြားချက်ကို နှိုင်းယှဉ်ပြသရင်း မြင်တွေ့စေခြင်းသာဖြစ်ရပေမည်။

''ဟုတ်ကဲ့ - အခုလိုတွေ့ရတာ ဝမ်းသာပါတယ်''

ဟု ဟန်မပျက်လက်ဆွဲနှုတ်ဆက်ပြီး သူမကိုလှည့်ကြည့်မိ သည်။

သူမက ချိုသာစွာပြုံးလျက်

''ယူ စာမေးပွဲဖြေနိုင်လား''

''အင်း - ဖြေနိုင်ပါတယ်''

''ဒါနဲ့ ယူကျောင်းပြီးရင် ဘာလုပ်မယ်စဉ်းစားလဲ'' ကျွန်တော် သူမကိုနားမလည်နိုင်စွာကြည့်မိ၏ ။ ပြီးမှ အသက်ပါပါတစ်ချက်ပြုံးလိုက်ရင်း ''ကျောင်းပြီးရင် ဘာလုပ်မယ်ဆိုတာ လောလောဆယ် စဉ်းစားမထားသေးဘူး...အောင်စာရင်းထွက်ပြီးမှ ဘွဲ့လက်မှတ် ကိုင်ခွင့်ရှိပြီဆိုမှ ဘာလုပ်ရမယ်...ဘာလုပ်နိုင်မယ်ဆိုတာ လေ့လာ ဆုံးဖြတ်မယ်''

''သြော် - အင်း အင်း''

သူမက ကျွန်တော့်စကားကို ခေါင်းတညိတ်ညိတ်ဖြင့် အလေး တယူပြုနေဟန်သည် တမင်တကာသရော်နေသည့်အလား ခံစားရ သည်။ သူမအပြုံး လက်ခနဲမြင်တိုင်း ဓားသွားထက်ထက် ဆတ်ခနဲ ဝင့်လိုက်လေသလားဟု ထင်မှတ်နေရပေပြီ။

''ဒါနဲ့ ယူသိအောင်ပြောရဦးမယ် သိလား...အဲဒါကတော့ ဒီက ကိုခင်မောင်လွင်နဲ့ တို့နဲ့ကို တို့ကျောင်းပြီးရင် လက်ထပ်ပေးဖို့ လူကြီးချင်းသဘောတူထားကြတယ်''

ကျွန်တော် ဘာမျှမပြောတတ်တော့ပါ။ ကျွန်တော်မတောင်း ဘဲပေးနေသော သူမ၏ အဖြေသည်ကား ဘဝရဲ့မှတ်စုစာအုပ်၌ အရုပ်ဆိုးအကျည်းတန်စွာရှိနေပေတော့မည်။ တကယ်ဆို ကျွန်တော့် ကို သူမအနေနှင့် (မည်သည့်သဘောနှင့်ဖြစ်စေ) သုံးဦးတွေ့ဆုံပွဲပြု လုပ်၍ သည်လိုပြုမူပြောဆိုခြင်းမပြုသင့်ပါ။ ကျွန်တော် သည်နေရာ မှာ ဆက်ရပ်နေရန်မလိုတော့ဟုထင်၏ ။ သို့ပေမယ့် ကျွန်တော့်ကို ကျွန်တော် အတတ်နိုင်ဆုံးတည်ငြိမ်အောင် ထိန်းသိမ်းနိုင်ခဲ့သည်။

''ဟုတ်ကဲ့ - ထပ်ဆင့်ဝမ်းသာဂုဏ်ယူပါတယ် ကိုခင်မောင် လွင်''

ကျွန်တော်လက်ကမ်းနှုတ်ဆက်ရင်း ဂုဏ်ပြုစကားပြောကြား သည်ကို ထိုသူက အပြုံးဖြင့်တုန့်ပြန်၏ ။ ထိုစဉ် သူမထံမှ စကားသံ ပေါ်လာပြန်၏ ။

''ဝမ်းသာချင် နောက်မှဝမ်းသာ...အခုလောလောဆယ် ယူ့ကို တို့အရေးကြီးဆုံးစကားမေးစရာရှိတယ်''

ကျွန်တော်လွယ်အိတ်ကို စလွယ်သိုင်းထားရာမှ ဘေးတိုက် ပြောင်းလွယ်လိုက်ရင်း သူမကိုလှည့်ကြည့်၏ ။ မှုန်တည်တည် သူမမျက်နှာထားက ကျွန်တော့်တည်ငြိမ်မှုကို အံ့ဩနေသလား မပြောတတ်။

''ယူ တက္ကသိုလ်မှာ တို့နဲ့နှစ်နှစ်လုံးလုံး တရင်းတနှီးတွဲလာ ခဲ့တဲ့တစ်လျှောက်မှာရော...အထူးသဖြင့် အခုလိုနေ့မျိုး...တက္ကသိုလ်နဲ့ရော တို့နဲ့ရော တကယ်ခွဲခွာ ဝေးကွာရတော့မယ့်နေ့မျိုးမှာ
တို့ကိုပြောချင်တဲ့စကားတစ်ခွန်းရှိမယ်ဆိုတာ သိပ်သေချာတယ်... အဲဒါ တို့ကြားချင်တယ်''

ရော် - ခက်ချေပြီ။ သည်လိုအခြေ သည်အချိန်မျိုးမှာ သည် စကားမျိုးတွေပြောလို့၊ ကြားလို့သင့်ပါ့မလားတဲ့။ ကျွန်တော် သူမ အပေါ် နားမလည်နိုင်မှုသည် ယခင်ကထက်ပိုနေကြောင်း သိလာရ သည်။
သေချာပြန်စဉ်းစားကြည့်တော့လည်း နားလည်သယောင် ယောင်ရှိလာ၏ ။

သူမဘက်က ဤမျှပွင့်လင်းစွာ လမ်းဖွင့်ပေးမှတော့ ကျွန် တော်ဘာကြောင့်နောက်တွန့်နေရမည်နည်း။ ပြောချင်သည့်စကားကို ရင်ထဲအရှိတိုင်းပြောချလိုက်ရုံသာ။ သူမနှစ်သက်သလို သတ်မှတ်ပါ စေတော့ရယ်။
ကျွန်တော့်အတွက်ကတော့ သည်လိုပြောခွင့်ရတာ ကို ပဲ
ကြံဖန်ကျေနပ်ရပေတော့မည်။ ကျွန်တော် သူ၏ ကြင်လျှာတော် လောင်းလျှာကို မျက်နှာပူစွာတစ်ချက်ကြည့်ရင်း အားနာနာဖြင့် ဇွတ် မှိတ်ပြောလိုက်တော့၏ ။

''ပြောချင်တဲ့စကားတစ်ခွန်း ရင်ထဲမှာအမြဲတမ်းရှိတယ်... အဲဒါကတော့ ဖူးကို တို့သိပ်ချစ်တယ်ဆိုတာပဲ...အင်း -
ဒါပေမဲ့မဖြစ်သင့်တော့ပါဘူးလေ...တို့စကားမှားသွားရင် တောင်းပန်ပါ တယ်''

ပြောမယ့်ပြောတော့လည်း ခံစားမှု၏ စီးမျောရာအတိုင်း နစ်ဝင်လိုက်ပါလျက် ရင်ဖိုလှိုက်ငင်စွာ ပဲ့တင်ထပ်စေတော့သည်။

''စကားမှ မမှားတာ...တောင်းပန်စရာမလိုပါဘူး''

ကျွန်တော် သူမ၏ တုန့်ပြန်စကားသံကို နားလည်ရခက်စွာ ခွဲခြမ်းစိတ်ဖြာနေမိ၏။ ကျွန်တော်၏ အကြားအာရုံ မှုန်ဝါးမှုကို ကိုခင် မောင်လွင်က ရှင်းလင်းထင်ရှားပေးလေသည်။

''ဒီလိုကွ ညီလေးရ...ကိုယ်တို့က လူကြီးချင်းသဘောတူထားတာမှန်ပေမယ့် လူငယ်တွေက တစ်ယောက်အပေါ်တစ်ယောက် မောင်လိုနှမလို ခင်မင်မှုထက်အဆင့်မပိုဖို့ နားလည်မှုယူထားကြ တယ်လေ''

''ဗျာ..တ..တကယ်''

ကျွန်တော် အံ့ဩမှုနှင့် အလိုလိုဝမ်းသာသလိုဖြစ်လာရသည် ကိုလည်း တားဆီးမရနိုင်ခဲ့ပေ။ ကိုခင်မောင်လွင်သဘောကျသလို ခေါင်းတစ်ချက်ညိတ်ကာ အဓိပ္ပာယ်ပါပါပြုံးပြရင်း စကားကိုဆက် သည်။

''အဟင်း...ပြီးတော့ ဒီ့ထက်ပိုပြီးအရေးပါတဲ့စကားကို ဆက်ရရင် ဒီက ညီလေးအကြောင်းကို ညီမလေးဖူးက ခဏခဏ ပြောပြ လွန်းလို့
မမြင်ဖူးခင်ကတည်းက ရင်းနှီးနေတာ''

ကျွန်တော် 'ဟုတ်ကဲ့'ဆိုသောသဘောဖြင့် သူမကိုလှည့် ကြည့်မိသည်။ သူမက လွယ်နေကျကျောပိုးအိတ်ကို ကျွန်တော့်ထံ ကမ်းပေးလေ၏။ ကျွန်တော်ကြောင်အမ်းအမ်းလှမ်းယူရင်း နားမလည် စွာဖြစ်ရ၏။

သူမကိုလှမ်းကြည့်တော့ ချိုသာစွာပြုံးလျက် နှာခေါင်း ရှုံ့ပြ၏ ။ ကျွန်တော့်ခေါင်းထဲ လျှပ်စီးကြောင်းတစ်ချက် ဝင်းလက်သွား လေသည်။

ကျွန်တော် တစ်လောကလုံးကို ကျေးဇူးတင်စကားပြောချင် သည်။ ဘယ်လိုပြောရမှန်းမသိတဲ့ ကျေးဇူးတင်ခြင်းတွေနဲ့ ကျွန်တော့် ချစ်သူ၏ နူးညံ့သွယ်ပျောင်းသော လက်ချောင်းလေးများကို အလိုလို သွားဆုပ်ကိုင်မိလေသည်။ ရှန်းဖယ်ငြင်းဆန်ခြင်းမရှိသောချစ်သူကို ကျေးဇူးတင်သောအားဖြင့် လက်ကိုရုတ်ခနဲဆွဲယူရင်း ခပ်ဖွဖွနမ်းလိုက် မိပြန်သည်။

''အို - ဘယ်လိုဖြစ်တာလဲ...အနားမှာလူတွေနဲ့''

ဟုတ်ပါရဲ့။ မိန်းကလေးထဲကမိန်းကလေးဖြစ်သွားပြီဖြစ် သော ချစ်သူ၏ ချစ်စရာ့ရှက်စနိုးအသံလေးကြားမှ အနီးဝန်းကျင်ကို ပြူးပြဲကြည့်မိသည်။ ကားတံခါးဖွင့်နေရာမှ နောက်ပြန်လှည့်ကြည့်နေ သော ကိုခင်မောင်လွင်၏ မျက်နှာ၊ ဖြတ်သွားဖြတ်လာပြုနေကြကုန် သော ကျောင်းသား၊ ကျောင်းသူအချို့၏ မျက်နှာ၊ ကျွန်တော်တို့ကို စိတ်ဝင်စားစွာဖြင့် မသိမသာအကဲခတ်နေသော ဓာတ်ပုံဆရာတစ်ဦး ၏ မျက်နှာတို့ကို တွေ့လိုက်ရသည်။ ထိုမျက်နှာများအားလုံး ပြုံးနေ ကြသည်။

ကျွန်တော် ဟေးခနဲ အသံကျယ်ကျယ်တစ်ချက် ဝမ်းသာ အားရပြုလျက် ချစ်သူ၏ လက်ကိုဆွဲယူဆုပ်ကိုင်ကာ ဘွဲ့နှင်းသဘင် နောက်ဘက်ဆီသို့ လှည့်ပတ်ပြေးမိလေတော့သည်။ ဟုတ်ကဲ့။

သည်နေ့မှစ၍ ကျွန်တော်သည် ချစ်သူ၏ ကျောပိုးအိတ်ထဲ တွင် အမြဲတမ်းလိုအပ်နေမည့် စာအုပ်တစ်အုပ်အဖြစ်သို့ သက်ဝင် ရောက်ရှိသွားပါလေတော့သည်။

*

သူနှင့်ကျွန်တော်ရဲ့ဇာတ်လမ်းကတော့ တစ်ခန်းရပ်သွားပါ ပြီ။ သည်တစ်ခါတော့ ကျွန်တော့်ဘက်ကအလျှော့ပေးရန် လုံးဝ မစဉ်းစားဟု ဆုံးဖြတ်ထားသည်။ ကျွန်တော်ကသာ နေရာတိုင်း သူ့ သဘောကျလိုက်လျောလေ့ရှိသော်လည်း သူကတော့ ကျွန်တော့် ဘက် ထည့်မတွက်။ ဆေးလိပ်သောက်တာမကြိုက်ဟုဆို၍ ကျွန်တော် ဆေးလိပ်မသောက်တော့။ လက်ဆက်ရည်ဆိုင်ကြာကြာထိုင်တာ သဘောမကျဟုဆိုသဖြင့် လက်ဖက်ရည်ဆိုင်နှင့်ကျွန်တော် ဆက်ဆံ ရေး အေးတိအေးစက်ဖြစ်သွားရသည်။ ကျွန်တော် သည်လောက်ထိ သူ့သဘောကျလိုက်လျောပေးကတည်းက ကျွန်တော့်အချစ်ကို နား လည်ဖို့ကောင်းသည်။

သူနှင့်ကျွန်တော်ရဲ့အချစ်ပွဲကိုသာ ဈေးကွက်တစ်ခုလို သဘောထားမည်ဆိုလျှင် ချိန်ခွင်လျှာက သူ့ဘက်ကဲနေကြောင်း သိသာလွန်း၏ ။

ကျွန်တော့်မှာ ချစ်ဖို့ပဲသိသည့်အသည်းနှလုံးသာရှိသည်ဟု ချစ်ဖြူဖြူဆိုသောမိန်းကလေးထင်နေသည်လားမသိ။ စဉ်းစားတတ် တဲ့ဦးနှောက်က ပင်စင်ယူထားတာမှမဟုတ်ဘဲ။

''မိဖြူက မင်းချော့ရင် နှစ်ခါမချော့ရပါဘူး...ပြန်ချော့ ကြည့်လိုက်ပါကွာ''

''မရဘူး ကိုအောင်ခင်...ကျွန်တော်ချော့ပြီးပြီ...သူက လမ်းခွဲဖို့တောင်းဆိုနေမှတော့ ကျွန်တော်ကလည်း တစ်လမ်းတည်း မလျှောက်ချင်တော့ပါဘူး...ကိုအောင်ခင်ရှေ့မှာပဲ ကျွန်တော့်ကို စွတ်ကောနေတာသိသားနဲ့''

''သွေးပူနေတုန်းမို့ပါကွာ...ပြီးတော့လည်း မင်းတို့ဟာက ဘာမှလည်းဟုတ်တာမဟုတ်ဘူး...ကလေးတွေကျနေတာပဲ'' ကိုအောင်ခင့်စကားကို ကျွန်တော်နည်းနည်းလက်ခံချင်သလို ဖြစ်သွားသည်။ ဟုတ်တော့လည်းဟုတ်၏ ။

သူနှင့်ကျွန်တော်ရဲ့ ချစ်သူ သက်တမ်း(၂)နှစ်အတွင်း ခဏခဏစိတ်ကောက်လိုက်၊ ပြန်ခေါ်လိုက် ဖြင့် သံသရာလည်နေလေ့ရှိ၏ ။ တစ်ခါတလေတော့လည်း ချစ်သူဘဝ ဆိုတာကြီးကို စိတ်ပျက်မိ၏ ။ သူငယ်ချင်းတွေနှင့်နေရတာ က ပျော် စရာကောင်းသေးသည်။

သူနှင့်ကျွန်တော်ကြား မပြေလည်စရာအကြောင်းရပ်ထဲ တွေမှာ သူငယ်ချင်းတွေကိစ္စလည်း ကဏ္ဍတစ်ခုပါဝင်သည်။ သူငယ် ချင်းတွေနှင့် အုပ်စုဖွဲ့နေလေ့ရှိသည်ကို သူကမကြိုက်။ ကျွန်တော့် အနေဖြင့်လည်း သူငယ်ချင်းတွေကို မစွန့်ခွာနိုင်။ အင်မတန်ခင်စရာ ကောင်းသော သူငယ်ချင်းတွေအကြောင်း ကျွန်တော်သာသိသည်။ ကျွန်တော်တို့ သူငယ်ချင်းတွေစုပြီး ''မျှမျှတတအားပေးခြင်းအဖွဲ့''ဟု အမည်ရသော အဖွဲ့ကို ဖွဲ့ထားသည်။

ကျွန်တော်တို့မှီတင်းနေထိုင်ရာ ကံ့ကော်တောတွင်ရှိသည့် မြောက်မြားစွာသော ကံ့ကော်တောသူများကို ကျွန်တော်တို့ကံ့ကော် တောသားများက မျက်စိအစာကျွေးလေ့ရှိခြင်းကို အားပေးခြင်းဟု ခေါ်တွင်စေသည်။ အားပေးသည့်အခါ ပုဂ္ဂိုလ်စွဲမထားဘဲ မျက်စိရှေ့တွင်ရှိသမျှသော ကံ့ကော်တောသူမှန်သမျှကို အားပေးတတ်ကြသဖြင့် ကျွန်တော်တို့အဖွဲ့ကို ''မျှမျှတတအားပေးခြင်းအဖွဲ့''ဟု ခေါ်ဝေါ်သမုတ်ရခြင်းဖြစ်ပေ၏ ။ မိန်းကလေးများများရှိတတ်သောစာသင်ခန်း များ၊ နေရာများတွင် ကျွန်တော်တို့ကို သွားကြီးအဖြီးသားဖြင့် တွေ့ရ ပေလိမ့်မည်။ သည်အဖွဲ့တွင် ကျွန်တော့်ကို နာယကတင်မြှောက်ထား သည့်အတွက် အားပေးရန်ခြေဆန့်သည့်အခါတိုင်း ကျွန်တော့်မှာ မျက်နှာလွှဲခဲပစ်လုပ်၍ မရ။

ကျွန်တော်တို့အမြင်တွင် အားပေးသူနှင့်အားပေးခံရသူတို့ သည် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီသဘောဆောင်၏ ။ ကြည့်စေချင်၍ အချိန်ကုန်ခံ၊ ပိုက်ဆံအကုန်ခံပြီး အတတ်နိုင်ဆုံးလှအောင်ပအောင်

ပြင်ဆင်ထုံးဖွဲ့လာကြသည့်ဖက်ရှင်မယ် သူတို့လေးတွေကို ကျွန်တော် တို့က မသိကျိုးကျွံပြုနေပါလျှင် သူတို့ခမျှာ အဘယ်မျှဝမ်းနည်းစိတ် ထိခိုက်လိမ့်ပါအံ့နည်း။ ကျွန်တော်တို့၏ အင်တိုက်အားတိုက် အားပေးခြင်းကို ခံယူလိုက်ရခြင်းဖြင့် သူတို့စိတ်ထဲတွင် ကျေနပ် ကြည်နူးမှု ပီတိအဟုန်က ရောင်စဉ်အမျိုးမျိုးဖြာထွက်ကွန့်မြူးနေ မည်မှာ မြေကြီးလက်ခတ်မလွဲ။ ထို့ကြောင့် ကျွန်တော်တို့ကလည်း အများအကျိုးဆောင်သည့်အနေဖြင့် အပန်းမကြီးသော ဤအားပေး ခြင်းအမှုကို ပြုကြလေ၏ ။

သူတို့ကိုအားပေးလိုက်ခြင်းအားဖြင့် ကျွန်တော်တို့သည် လည်း စိတ်ချမ်းသာရ၍ အသက်ရှည်စေသည်ဟုယုံကြည်ကြသည်။ သည်အကြောင်းများကိုထောက်ရှုခြင်းအားဖြင့် နှစ်ဦးနှစ်ဖက် အပြန် အလှန်အကျိုးပြုနေသည်မှာ ထင်ရှား၏ ။

ဒါတွေကိုသိနေ၍ သူငယ်ချင်းတွေနှင့်နေသည်ကို သူမက မကြိုက်။ ယခုလည်း သည်ကိစ္စကြောင့်ပင် ကျွန်တော့်ကိုလမ်းခွဲ စကားဆိုလာ၏ ။ ပြဿနာက သည်နေ့မှဖြစ်၍ ပူပူနွေးနွေးရှိသေး သည်။ ကျွန်တော်တို့အဖွဲ့ မြကျွန်းညိုခေါ် စီးပွားရေးတက္ကသိုလ်တွင် တစ်မနက်ခင်းလုံးအားပေးနေသည် ကို သူ့သူငယ်ချင်းတစ်ယောက် သတင်းပေးလိုက်၍ သူသိသွားခြင်း ဖြစ်သည်။

ညနေ သူ့အတန်းပြီးချိန်တိုင်း ကျွန်တော်သွားတွေ့နေကျ ဖြစ်၍ ဝတ္တရားမပျက်သွားတွေ့မိ၏ ။ သည်နေ့မှ ကိုအောင်ခင်က လည်း

''မင်းကောင်မလေးကိုတွေ့ပြီးရင် မြို့ထဲကဆိုင်တစ်ဆိုင်မှာ ပးါပါးလေးသွားပုတ်ရအောင်...ဘယ်လိုသဘောရလဲ''

ဟုဆိုလာသည်။ ကိုအောင်ခင် အစီအစဉ်ကို ကျွန်တော် လည်း သဘောကျသဖြင့် ပထမအစီအစဉ်အရ သူ့ကိုသွားတွေ့ချိန် မှာ မျှော်လင့်မထားသောအနေအထားများနှင့် ရင်ဆိုင်ကြုံတွေ့လိုက် ရသည်။

''မြကျွန်းညိုမှာ နတ်သမီးဘယ်နှပါးလောက်တွေ့ခဲ့လဲ''

ခရီးရောက်မဆိုက် နှုတ်ဆက်လာသော သူ့စကားကြောင့် ကျွန်တော်ဘာပြန်ပြောရမှန်းမသိဖြစ်သွား၏ ။

''အာ - ဒီနေ့ အဲဒီ ဘက်ခြေဦးလှည့်ဖို့ စိတ်တောင်မကူးအား ဘူး...အတန်းတွေစွတ်တက်နေရတယ်...မယုံရင် ကိုအောင်ခင့် ကိုမေးကြည့်ပါလား''

ဟု ပြန်ပြောရင်း ကိုအောင်ခင်ထံ စစ်ကူတောင်းရသည်။

ကိုအောင်ခင်က မကြားသလိုလုပ်ပြီး ဆေးလိပ်မီးညှိနေသဖြင့် ကျွန် တော်အကြံအိုက်သွားရ၏ ။ ကိုအောင်ခင်လည်း ကျွန်တော့်အတွက် လိမ်ပေးရပေါင်းများပြီဆိုတော့ မျက်နှာပူနေပြီထင်ပါရဲ့။

''မတက်စဖူး အတန်းတွေဘာတွေစွတ်တက်နေပြီဆိုတော့ ဂုဏ်ထူးတွေ တစ်လှေကြီးနဲ့အောင်ဦးမှာပဲ''

ဟု ပြန်ခနဲ့လိုက်ပြီး ကျွန်တော်တို့အဖွဲ့ ဘယ်နှယောက် ဘယ် အတန်းရှေ့မှာ ဘယ်လောက်အထိကြာကြာရပ်ပြီး ဘယ်ကောင်မလေး ကို ဘယ်နှမှတ်ပေးသည်၊ အင်္ကျီဘာအရောင်ဝတ်ထားသည့် ကောင်မလေးကို ဘာတွေအီစီကလီရိုက်သည် စသည်စသည်ဖြင့် အတိအကျပြောလာ၍ ကျွန်တော်ဘယ်လိုဆင်ခြေတက်ရမှန်းမသိ ဖြစ်သွား၏ ။ သတင်းပေးကောင်းသူကိုလည်း စိတ်ထဲမှကျိတ်ပြီး မေတ္တာတွေ အတုံးလိုက်အတစ်လိုက်လှိမ့်ပို့လိုက်မိသည်။

''သူငယ်ချင်းတွေ အတင်းခေါ်လို့ပါ...ကိုကိုငြင်းပါသေး ...ငြင်းပါ...သေး..''

''တော်ပါပြီ...ဘာဆင်ခြေမှမပေးနဲ့တော့...နောက် လည်း ကျွန်မကို ရှင်လာတွေ့စရာမလိုတော့ဘူး'' ပြင်းထန်မာကျောသော သူ့စကားများက ကျွန်တော့်

တစ်ကိုယ်လုံး ဓာတ်လိုက်ခံရသလိုခံစားရစေ၏ ။ ဟိုအရင်တွေတုန်းက စိတ်ဆိုးစကားတွေပြောခဲ့ဖူးသော်လည်း ကိုကိုနှင့်ဖြူဆိုသော နာမ် စားတွေကိုသာသုံးခဲ့၏ ။ ရှင်နှင့်ကျွန်မဆိုသောအသုံးအနှုန်းက နားထဲ သို့ အက်စစ်စီးကြောင်းတစ်ခုနှယ်။

''ကိုယ့်မှာ ချစ်သူတစ်ယောက်လုံးရှိသေးတယ်ဆိုတာလည်း သိဦးမှပေ့ါ...တစ်ခါတည်း ဘူးလို့ကိုမဝနိုင်ဘူး''

ဆိုသည့်စကားက အရှိုက်တည့်တည့်ကို မိုက်တိုင်ဆန်၏ လက်သီးငှားပြီးထိုးလိုက်သလို ထိရောက်မှုရှိလှ၏ ။ မသုံးစဖူး တင်းမာ ရင့်သီးသောစကားလုံးတွေကြောင့် ကျွန်တော့်မှာအံ့ဩတကြီး။ မျက် ရည်ဝဲပြီး ငိုသံဖြင့်သာ ရန်တွေ့လေ့ရှိသောချစ်ဖြူဖြူသည် သည်တစ်ခါ တော့ ပြတ်သားသောစကားများဖြင့် မျက်နှာထားတင်းလွန်းလှချေ တကား။ ကျွန်တော့်ကိုရန်တွေ့သောအခါ သည်နည်းဗျူဟာများကို အသုံးပြုရန် အဘယ်သို့သောသူကများ အနီးကပ်သင်တန်းပို့ချလိုက် ပါလိမ့်။

''ချစ်သူချင်း အဲလောက်ကြီးထိ ပြောစရာမလိုပါဘူး ဖြူရာ ...ဖြူကျေနပ်တဲ့အထိ ဘယ်လိုတောင်းပန်ရမလဲ ပြော''

''တော်ပြီ...ဘာမှမပြောချင် မသိချင်တော့ဘူး...လိမ် ညာပြောတိုင်း ကြိတ်မှိတ်ယုံခဲ့တဲ့ မနေ့က မိဖြူမဟုတ်တော့ဘူး... မိန်းကလေးမြင်တိုင်း လိုက်ငမ်းနေတတ်တဲ့လူတစ်ယောက်ရဲ့ချစ်သူ ဖြစ်ရတာ ရှက်ဖို့သိပ်ကောင်းတယ် သိလား''

ပြောရင်းပြောရင်း ရင့်သီးလာသောသူ့စကားများကြောင့် ထွက်ပေါ်ချင်နေသည့် ကျွန်တော့်ဒေါသများကို ချွန်းအုပ်ထားရသည်။ ကိုအောင်ခင့်ရှေ့မှာ အပြောခံနေရသဖြင့် ကျွန်တော်လည်းပိုရှက်မိ သလိုဖြစ်ရ၏ ။

''မနက်ဖြန်ကျရင် ရှင့်ကို ကျွန်မပေးထားတဲ့စာနဲ့ဓာတ်ပုံတွေ

ပြန်လိုချင်တယ်...အဲဒါလာပို့ပေးပါ''

သူ့ဘက်က ကျွန်တော့်အချစ်တွေကို ဆင်ဆာဖြတ်ပြီဆိုတာ သေချာသွားပြီ။ ပြန်တောင်းလေ့မရှိသော စာတို့၊ ဓာတ်ပုံတို့ကို ပြန်တောင်းနေပြီဆိုမှတော့ ကျွန်တော်နှင့်လမ်းခွဲလိုက်ဖို့ ပိုင်ပိုင်ဆုံးဖြတ်လိုက်ဟန်တူသည်။ သူကတောင် ပြတ်သားနိုင်မှ ကျွန်တော်က ဘာဇာကြောင့်မပြတ်သားနိုင်ရမည်နည်း။ ကျွန်တော့်မှာလည်း မာနနှင့်ဆို တာ ဖြူဖြူဆိုသောမိန်းကလေးသိရစေရမည်။

''ဖြူ့ဆုံးဖြတ်ချက်တွေကို မပြင်တော့ဘူးလား''

''နောက်ပြောနေတယ်လို့များထင်လို့လား''

''ကောင်းပြီလေ...ဒါဆိုရင် မနက်ဖြန်ဆယ်နာရီ အတန်းမရှိဘူး...လိုချင်တာကို တို့အတန်းမှာလာယူပေါ့ ဟုတ်လား...တို့ ကတော့ လာပို့မပေးနိုင်ဘူး''

ဟု စကားဖြတ်ကာ ကျွန်တော်တို့နှစ်ယောက်ကြားတွင် စေ့စပ်ရေးမှူးလုပ်ရန် ဟန်ပြင်လာသော ကိုအောင်ခင်ကိုလှမ်းခေါ်ပြီး သူ့အနားမှခွာလိုက်သည်။ နောက်ကျောဘက်တွင် ကျန်ရစ်ခဲ့သည့် ရှိုက်သံဟုယူဆရသော အသံသဲ့သဲ့ကိုကြိုးစား၍ ဥပေက္ခာပြုလိုက်၏ ။

''မင်းကလည်း သူပြောမယ်ဆို ပြောစရာကိုးကွ''

ဟူသော ကိုအောင်ခင့်စကားသံကြားမှ ကျွန်တော်သတိပြန် ဝင်လာ၏ ။ လတ်ဆတ်သော အတိတ်ရေပြင်တွင် ကျွန်တော့်စိတ် လှေငယ်ကို ရွက်လွှင့်မိလိုက်ကြောင်းဆင်ခြင်မိ၏ ။

''ဗျာ..ကျွန်တော်က ဘာပြောစရာဖြစ်နေလို့လဲ''

''သူ မကြိုက်ဆုံးဆိုတာကိုမှ မင်းကလုပ်နေတာကိုး...မင်း မှာလည်းပဲ

အားပေးလို့ကိုမပြီးနိုင်ဘူး''

''အားပေးတယ်ဆိုတာလည်း သူငယ်ချင်းတွေဆုံတဲ့အချိန် ပျော်စရာဖန်တီးတာပါဗျာ...မရိုးသားတဲ့စိတ် လုံးဝမရှိဘူး''

ကျွန်တော်သက်ပြင်းရှည်ကြီးချမိ၏။ တကယ်ဆို ကျွန်တော် ချစ်တာ သူတစ်ယောက်တည်းမှန်းသိလျက်နဲ့။

သူ ကျွန်တော့်အနားတွင်ရှိနေချိန်မှာ ဟောလီးဝုဒ်က မင်း သမီးတွေ တန်းစီလျှောက်ပြကြဦးတော့။ ကျွန်တော်ဆိုတဲ့ကောင်က ယောင်လို့တောင်လှည့်ကြည့်မည်မဟုတ်ဆိုတာ သူ မသိလေရော့ သလား။ ချစ်သူဘဝမှာတောင် သည်လိုအစာမကြေ ခဏခဏဖြစ်နေ လျှင် နှစ်ဦးပေါင်းပြီး ဘဝတစ်ခုထူထောင်တဲ့အခါ..အင်း - နေမမြင့် ခင် လမ်းခွဲထားတာ အကောင်းဆုံးဟူ၍ သာ စဉ်းစားမိတော့သည်။

''ဆက်ရန်ရှိသေးသည်ဆိုတာကြီးကိုလည်း ကျွန်တော်မျှော် လင့်မနေချင်တော့ဘူး''

''ဒါကတော့ မင်းတို့ကဏ္ဍပဲ...ငါ့သဘောကတော့ မင်းတို့ နှစ်ယောက်စလုံး စေ့စပ်ဆွေးနွေးရေးစားပွဲဝိုင်းမှာ ထိုင်စေချင်တယ်''

''ကျွန်တော့်ဘက်ကတော့ အယူခံဝင်ဖို့ အစီအစဉ်မရှိဘူး''

''မိန်းကလေးဖြစ်တဲ့ သူ့ဘက်ကလည်း ဝင်စဉ်းစားပေးဦးပေါ့ ကွာ''

ပြောလည်းပြော၊ လက်ကျန်အပက်ကိုလည်း မော့လိုက်သောကိုအောင်ခင်ကိုကြည့်ပြီး ကျွန်တော်စိတ်လေသွား၏။ ဆယ်တန်း စာမေးပွဲကို ကိုးနှစ်ဆက်တိုက် ဖွဲ့ရှိစွာဖြေဆိုခဲ့ပြီး တက္ကသိုလ်ရောက် လာသည့် ကိုအောင်ခင်သည် ကျွန်တော်တို့အဖွဲ့တွင် အသက်အကြီး ဆုံးဖြစ်၍ အားလုံးက ခင်မင်လေးစားကြသည်။

ဖြူ့ကို ကျွန်တော်အချစ်ကြေညာပြီး လိုက်တော့လည်း ကိုအောင်ခင်၏ အကြံဉာဏ်နှင့် အကူအညီများစွာယူခဲ့ရသည်။ ကျွန် တော်နှင့်ပတ်သက်လျှင် မညီးညူတတ်သောကိုအောင်ခင်သည် ဖြူနှင့် လည်း ခင်မင်ရင်းနှီးနေသဖြင့် ကျွန်တော်တို့နှစ်ယောက် လမ်းခွဲလိုက် မှာကို လိုလားဟန်မတူ။

ပထမတော့ ကျွန်တော်ပါ ရီဝေဖို့အစီအစဉ်ရှိသော်လည်း မမျှော်လင့်ထားသောပြဿနာကြောင့် သည်ဝိုင်းမှာ ကျွန်တော်အေး ထိုင်နေလိုက်သည်။ အသည်းကွဲလို့ အရက်သောက်တယ်ဆိုတာမျိုး တော့ အပြောမခံနိုင်ပါ။ ကျွန်တော့်ကြောင့် ပျော်စရာစကားလေးများ နှင့် ကင်းဝေးနေသည့်ဝိုင်းလေး မစိုပြေသည်ကိုတော့ စိတ်မကောင်း။

အိမ်ပြန်ရောက်တော့ ထမင်းလည်းစားလို့မဝင်၊ လွမ်းချက် က ပြင်းထန်လွန်းပါဘိ။ တကယ်တမ်းပြတ်သားကြပြီဆိုတော့လည်း ကျွန်တော့်ဘက်က မပြတ်သားနိုင်။ ခံရခက်သည့် သူ့စကားကြောင့် သာ မာနစကားဆိုခဲ့မိ၏ ။

သူပေးထားသည့်ဓာတ်ပုံတို့၊ စာတို့ကို အကြိမ်ပေါင်းမရေနိုင် အောင် အပြန်ပြန်အလှန်လှန်ကြည့်နေမိ၏ ။ ဓာတ်ပုံထဲမှ ဖြူ့အပြုံး လှလှလေးများက ရင်ထဲဝင်ရောက်တပ်စွဲနေ၏ ။ ဖြူ့အချစ်က ရာသက် ပန်အာမခံအချစ်ဟူသော အပြာရောင်စာလွှာထဲမှ စကားလုံးများ၏ အဓိပ္ပာယ်ကိုလည်း စစ်ကြောနေမိ၏ ။

ကြည်ဖြူတော့လည်း သူ။

ငြူစူတော့လည်း သူ။

တတ်လည်းတတ်နိုင်ပါပေ့ ဖြူရယ်။

*

တစ်ညလုံး အိပ်လို့မရဘဲ နှလုံးသားမှာ ထမင်းလုံးတစ္ဆေ

ခြောက်ခံနေရပေပြီ။

တကယ်ဆို ကျွန်တော့်ကို ပြတ်ချင်တာတောင် သူ့အနွံတာ တွေခံခဲ့တဲ့မျက်နှာကိုတော့ ထောက်ထားသင့်သည်။ သူ့လွယ်အိတ် အလေးကြီးကို လက်ညှောင်းခံပြီး ကိုင်ပေးလွယ်ပေးလေ့ရှိတာ၊ အချဉ် ထုပ်စားချင်သည် ဆို၍ တကူးတကပြေးဝယ်ပေးလေ့ရှိတာ၊ သူ နေထိုင်မကောင်း၍ ကျောင်းမတက်နိုင်သည့်အခါ ကိုယ့်အတန်းပင် ကိုယ်မတက်တဲ့ ကျွန်တော်က သူ့အတန်းကိုသွားတက်ပြီး ပို့ချချက် တွေလိုက်ကူးပေး လေ့ရှိတာ၊ သူနားဆင်ပါစေတော့ဟူသော စေတနာ ဖြင့် သူ့အဆောင်ရှေ့မှာ ဂစ်တာလွယ်ပြီး ခေတ်စားနေသည့်သီချင်း တွေကို အသံအနာခံအော်ဟစ်သီဆိုပေးလေ့ရှိတာ...စသည့် ကျေးဇူးတွေကိုမှတ်မိသင့်သည်။ ကမ္ဘာပတ်ပြီးရှာကြည့်ဦးတော့။ ကျွန်တော့်လောက် သူ့အပေါ်အနွံတာ ခံနိုင်သည့်လူ ချစ်တတ်သည့် လူ မတွေ့စေရဟု အာမခံရဲသည်။ သည်လိုလူမျိုးကိုမှ သူမို့ရက်ရက် စက်စက်ကွယ်။

သူ့အကြောင်းတွေ ဦးနှောက်ထဲမှထွက်သွားရန် နယ်နှင် ကြည့်သော်လည်း မအောင်မြင်။ တကယ်ဝေးကြပြီဆိုသည့်အသိက ကျွန်တော့်အားထိတ်လန့်တုန်လှုပ်စေသည်။ အတိုင်းအဆမရှိ ကျယ် ပြန့်စွာခံစားနေရသောဝေဒနာတို့ ပြေပျောက်သွားရန်နည်းလမ်းရှာ ကြည့်သော်လည်း အရိပ်အယောင်ပင်မတွေ့ရ။ အခုတောင် သည် လောက်ခံစားနေရလျှင် နောင်လာမည့်နေ့ရက်များကို ရင်ဆိုင်ရန် ကျွန်တော်မတွေးဝံ့တော့။

ကိုအောင်ခင်ပြောသလို ကျွန်တော်ကလည်း ကျွန်တော်ပါ ပဲ။ မနက်ဖြန်တော့ ''မျှမျှတတအားပေးခြင်းအဖွဲ့၏ နာယက''အဖြစ် မှ နုတ်ထွက်ရန်ဆုံးဖြတ်လိုက်သည်။ သူ့ဆီမှာ ပြန်လည်ဒူးထောက် ရန်မဟုတ်ငြားလည်း သူမကြိုက်ဆုံးသောအလုပ်ကို မလုပ်လိုတော့။ ကျွန်တော့်ကို

ညှဉ်းစဉ်များစွာပေးအပ်နေသည့် ညတာရှည် သည် ညှဉ်း၍ အားရသွားဟန်ဖြင့် ပြင်ပကမ္ဘာသို့တိုင် ပြေးထွက်သွား လေသည်။

*

မနက်စောစော အိမ်မှထွက်ခဲ့ပြီး လှည်းတန်းရှိ စေတနာရှင် လက်ဖက်ရည်ဆိုင်တွင်ဝင်ထိုင်ရင်း အချိန်ဖြုန်းမိသည်။ သောက်နေ ကျ လက်ဖက်ရည်ချိုပေါ့၏ အရသာသည် လျှာဖျားခံ၌ မတိုး။ ဝေးနေ တာကြာပြီဖြစ်သော စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာကြည့်တော့ ချဉ်ခြင်းမတွေ့။ နောက်ကျနေသော စိတ်အာရုံကိုကြည်လင်စေရန် ဆိုင်ရှေ့မှဖြတ်သွား ဖြတ်လာပြုနေကြသည့် မိန်းမလှလေးများကလည်း မစွမ်းဆောင်နိုင်။ ခက်တော့ခက်နေပါပြီ။

အတန်ကြာအောင်ထိုင်ပြီးနောက် လက်ဖက်ရည်ဖိုးရှင်းပေး ပြီး ကျောင်းထဲသို့ခြေဦးလှည့်လိုက်၏ ။ သူငယ်ချင်းများဆုံနေကျ အာစီဘက်သို့ရောက် သည့်အခါ လူအတော်စုံနေပြီကိုသတိပြုမိ၏ ။ အားလုံးကို ဟန်လုပ်ပြုံးပြရင်း ကိုအောင်ခင့်ဘေးမှာ ဝင်ထိုင်လိုက် သည်။ ချဉ်ခြင်းမတွေ့သော စီးကရက်ကို ဘူးထဲမှထုတ်ကာ မီးညှိမိ ပြန်သည်။ ကိုအောင်ခင်ပြောပြထား၍ သူငယ်ချင်းများက ကျွန်တော် နှင့်ဖြူရဲ့ဇာတ်လမ်းကို သိနှင့်ပြီးဟန်တူ၏ ။ တိတ်ဆိတ်နေသောစကား ဝိုင်းကို ကျွန်တော့်ကိုအဖွဲ့၏ အတွင်းရေးမှူးဖြစ်သော ကမ္ဘာကျော်က စတင်ဖြိုခွဲလိုက်သည်။

''မင်းကို ငါတစ်ခုပြောချင်တယ်''

ကျွန်တော်က ဘာပြောမှာလဲဆိုသည့်သဘောဖြင့် မျက်ခုံး ပင့်ပြလိုက်၏ ။

''တခြားမဟုတ်ပါဘူး...ငါတို့အဖွဲ့ကို ဖျက်သိမ်းလိုက်ဖို့ ပါပဲ''

''ဟင် - ဘာဖြစ်လို့''

''ဘာဖြစ်လို့လဲဆိုတော့ ငါတို့အားပေးလာတာ တက္ကသိုလ် မှာ သုံးနှစ်ရှိပြီ...ငါတို့က နက်ရှိုင်းတဲ့အတွေးအခေါ်တစ်ရပ်ကို အခြေပြုအားပေးပေမယ့် အမြင်မကျယ်သူတွေက ငါတို့ကို ယူနီဗာ စတီဘူးတွေဆိုပြီး နာမည်ပေးသရော်ကြတယ်...နောက်တစ်ခုက ငါတို့ အခုထိ အတန်းကိုသေသေချာချာမတက်ဖြစ်သေးဘူး... စာအုပ်ထဲမှာဆို စာတစ်လုံးတောင်မရှိသေးဘူး...ဒီတော့ ငါတို့ အားလုံး လက်တွဲမဖြုတ်ဘဲ အတန်းမှန်မှန်တက်ပြီး အပျော်အပါး လျှော့ကြမယ် ဘယ့်နှယ့်လဲ''

အကျိုးအကြောင်းဖြင့်တင်ပြလာသောအဆိုကို သူငယ်ချင်း အားလုံးက ကန့်ကွက်သူမရှိ တစ်ခဲနက်ထောက်ခံကြ၍ အတည်ပြု ပြီးဖြစ်သွားသည်။ နာရီကြည့်လိုက်တော့ (၁၁)နာရီထိုးဖို့ (၅)မိနစ်သာ လို၏ ။ ကိုအောင်ခင်ကိုအတင်းခေါ်ပြီး အတန်းဘက်သွားရသည်။ နောက်ဆုံးတွေ့ဆုံခြင်းဟုတွေးမိလျက် ရင်မှာပြင်းစွာနာကျင်ရ၏ ။

''မင်း တကယ်ပြတ်ဖို့ ဆုံးဖြတ်လိုက်ပြီလား''

''ဆုံးဖြတ်လိုက်ပြီ...ဒီမိန်းမနဲ့က အခုအဆင်ပြေလည်း နောက်ထပ်ကွိုင်တစ်မျိုး ထပ်တက်ဦးမှာပဲ''

''သူ မကြိုက်တာမလုပ်တော့ရင် ဒါမျိုးဖြစ်စရာအကြောင်း မှမရှိတော့ဘဲ''

''တော်ပြီဗျာ...အဲဒီ ကွိုင်ရှာမယ်တော်နဲ့ ဘာမှကိုမပတ်သက်ချင်တော့ဘူး''

''နှစ်ယောက်စလုံးတင်းနေလို့တော့ ဘယ်ဖြစ်မလဲ... တစ်ယောက်ယောက်က အလျှော့ပေးလိုက်ရင် ပြေလည်သွားမှာပါ ...ငါ မိဖြူကို ဘာပြောပေးရမလဲ''

''ဘာမှမပြောပေးနဲ့တော့…ကိုအောင်ခင့်စေတနာကို ကျွန်တော်နားလည်တယ်…သူ့ကိုတော့ သေတဲ့အထိဆောရီးပဲ''

ပြောသာပြောရသည်။ စကားသံတို့က မိုင်ထောင်ချီ၍ ခရီးပြင်းနှင်လာရသူတစ်ယောက်ကဲ့သို့ အင်အားတို့ကင်းမဲ့လျက်။ သည်လိုစကားတစ်ခွန်း ပါးစပ်ကတစ်ခါထွက်တိုင်း အသည်းကို မာန်ကြီးသည့်ခါချဉ်အုပ်ထဲ တစ်ခါပစ်ချခံရသလို မချိမဆန့်ခံစားနေရသည် ကို ဘယ်သူမှရိပ်မိကြဟန်မတူ။

''ဟော - အတန်းထဲမှာ မိဖြူတောင်ရောက်နှင့်နေပြီ… မင်းသွားတော့''

ဟူသော ကိုအောင်ခင့်စကားသံကြောင့် ရင်ထိတ်ခနဲဖြစ်သွား ပြီး အတန်းထဲကို ကမန်းကတမ်းလှမ်းကြည့်မိသည်။ အထက်အောက် အပြာရောင်ဆင်တူကိုဝတ်ဆင်ထားသော တစ်ချိန်က ကျွန်တော့်ရဲ့ ဖြူသည် ခါတိုင်းနေ့များထက် ပို၍ လှနေသလိုပင်။ လူယောင်ဆောင် လာသည့် နတ်သမီးတစ်ပါးကို စွန့်လွှတ်ရပြီဆိုသောအသိက ရင်ထဲ ဟာခနဲဖြစ်သွား၏ ။ ပြုံးစေ့စေ့မျက်နှာနှင့် အရောင်ရွှန်းလက်နေသော မျက်ဝန်းနက်တစ်စုံက ကျွန်တော့်အား လှောင်ပြောင်နေသကဲ့သို့ ခံစားရသည်။

'နှစ်နှစ်ကြီးများတောင် ချစ်ခဲ့ပြီးမှ ချစ်ဖြူဖြူရယ်…အခု ကျမှ ဘာကြောင့်များ အချစ်ပေါ့ချင်ရပါလိမ့်'ဟု အသံမဲ့ပြောမိ၏ ။ မလှမ်းမကမ်းမှာရပ်ကျန်ခဲ့သော ကိုအောင်ခင့်စကားကို ပြန်လည်ကြား ယောင်မိ၏ ။

''အပြာရောင်ဝမ်းဆက်ဝတ်လာတာဆိုတော့ ငြိမ်းချမ်းရေး နိမိတ်ပဲကွ''

သည်အတိုင်းပဲဖြစ်ပါစေဟူ၍ ကြိတ်ဆုတောင်းမိသေးသည် 'အို - မလိုပါဘူး…သူကြင်မှ ကိုယ်ကြင်မယ်…ချင်း စိမ်းနဲ့မိဿလင်…တွမ်နဲ့ဂျယ်ရီပဲ'ဟု ကိုယ့်ကိုယ်ကိုယ်အားပေးရင်း သူ့ရှေ့ရောက်အောင်သွားရသည်။ သူပေးခဲ့ဖူးသော အပြာရောင် စာလွှာများနဲ့ ဓာတ်ပုံတို့ကို လွယ်အိတ်ထဲမှထုတ်ယူရင်း လှမ်းပေး

လိုက်၏ ။ လက်တို့သည်တုန်ယင်နေ၏ ။ မျက်နှာကို တစ်ဖက်သို့လွှဲ ထားရသည်။ နို့မဟုတ်ရင် အငိုရောင်သန်းနေသည့်မျက်ဝန်းတို့ကို သူတွေ့သွားပါက သည်ပွဲတွင် ကျွန်တော်ရှုံးပြီဟုသတ်မှတ်ခြင်းခံရပေ လိမ့်မည်။ မာနတို့က အုံကြွနေ၏ ။

''ကိုကိုက တကယ်ပြတ်နိုင်လို့ ဒီစာတွေ၊ ဓာတ်ပုံတွေပြန်ပေး တာလား''

ဟူသောအသံကြောင့် ကျွန်တော်အံ့ဩတကြီး သူ့ကိုပြန် ကြည့်မိသည်။ ကျွန်တော် ဘာပြန်ပြောရမှန်းမသိဖြစ်နေစဉ် လက်ညှိုး ပေါ် လက်ခလယ်တင်ကာ ကွင်းပုံသဏ္ဌာန်လုပ်ထားသည့် ဖြူသွယ် သော သူ၏ ညာဘက်လက်သည် ကျွန်တော့်ရှေ့သို့ရောက်လာပြီး

''ညက ဖြူ လုံးဝအိပ်လို့မရဘူး သိလား…ကိုကို့ကို စွတ် ပြောမိတာ စိတ်မကောင်းဖြစ်ပြီး ငိုရသေးတယ်…မနေ့က ဖြူပြော သမျှတွေအားလုံး ဘွာခတ်ပါတယ်နော်''

ဟု စကားတို့ကို အဆက် မပြတ်ပြောလာ၏ ။

ကျွန်တော့်လက်တစ်ဖက်က ဖြူ၏ ညာဘက်လက်ချောင်း လေးများကို တင်းကျပ်စွာဆုပ်ကိုင်လိုက်မိသည်။ ရာထောင်ချီသော ဂျိုးဖြူငှက်ငယ်တွေ ပျံ့ဝဲနေကြသည်ကို စက္ကူအာရုံမှာမြင်နေရ၏ ။ ရင် ထဲမှာလည်း ငြိမ်းချမ်းရေးသံစဉ်လှိုင်းများ၏ အဟုန်ပြင်းစွာ ရိုက်ခတ်သံကို အတိုင်းသားကြားနေရ၏ ။

''ကိုကိုက သာတောင်မပြတ်နိုင်သေးတယ်…ဖြူပြော လိုက်ပြီးကတည်းက ဘယ်လိုခံစားနေရတယ်ဆိုတာ ရင်ထဲဝင်ကြည့် စေချင်လိုက်တာမှ ဟစိဟစိကိုဖြစ်နေတာ''

''အဟား - ပိုပြီဟော့''

''မပိုပါဘူး…လိုတောင်လိုသေးတယ်''

''ကိုအောင်ခင်ရေ...စောစောက ကျွန်တော်ပြောခဲ့သမျှ တွေ အားလုံးဘွာခတ်တယ်ဗျာ နော့''

ဟူ၍ ချစ်သောဖြူနှင့် ငြိမ်းချမ်းရေးရယူနေရင်းနှင့်ပင် နောက်ကျောဘက်ရှိ ပြုံးဖြီးဖြီးရပ်ကြည့်နေသော ကိုအောင်ခင်ဘက် လှည့်ပြောရသေးသည်။

''အေးပါကွာ...မင်းတို့က ဘွာဆိုတော့လည်း ဘွာလိုက် တာပေါ့...ဘာတတ်နိုင်တာမှတ်လို့''

ဟူသော ကိုအောင်ခင့်စကားကြောင့် ကျွန်တော်နှင့်ချစ်ဖြူဖြူ ဆိုသည့် ချစ်သူနှစ်ဦး အသံထွက်အောင်ပင် လွတ်လပ်ပေါ့ပါးစွာ ရယ်မောမိကြပါတော့သည်။

*